၁၄ ဖေဖော်ဝါရီလ ၂၀၂၂

ချစ်လှစွာသော မိဘများ ၊ အုပ်ထိန်းသူများ နှင့် ကျောင်းမိသားစုဝင်များ

**ကျွန်ုပ်တို့၏ အလွန်ကောင်းမွန်သော ကျောင်းသားများ နှင့် သူတို့၏ မိဘများ နှင့် ဝန်ထမ်းများသည် အတူတကွ သင်ကြားရန် နှင့် ဝန်ဆောင်မှုပေးရန် အဆင်သင့်ရှိနေပါသဖြင့် ကျွန်ုပ်တို့၏ ကျောင်းစာသင်နှစ်ကို အဆင်ပြေချောမွတ်စွာ စတင်နိုင်ခဲ့ပြီး ဖြစ်ပါသည်။** ကျောင်းသူ/**သားများအားလုံးကို ဤစာသင်နှစ်စတွင် ကျောင်းမှ ပြန်လည် ကြိုဆိုနိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ၂၀၂၂ ခုနှစ် တစ်နှစ်တာလုံးတွင် ကျောင်းဆက်လက် ဖွင့်လှစ်နိုင်ဖို့ ကျွန်ုပ်တို့၏ ဆုတောင်းချက်ဖြစ်ပါသည်။**

**ပထမ Term ၏ ဒုတိယအပတ် အကုန်ပိုင်းတွင် WA အစိုးရ မှ ကျောင်းများသို့ အချို့ ထုတ်ပြန် ကြေငြာချက်များ နှင့် နောက်ဆုံး အခြေအနေများကို ပြုလုပ်ပြီးနောက် ၊ Emmanuel တွင် ပြုလုပ်နေသော အရာများကို ဤစာစောင်ဖြင့် အသိပေးအပ်ပါသည်။**

**ဤစီမံချက်များ ၏ ရည်ရွယ်ချက်များမှာ**

၁။ မတူညီသော အတန်းမှ ကျောင်းသားများ နှင့် ဝန်ထမ်းများအကြား တုန့်ပြန်မှုများကို ရှောင်ကြဉ်ပါ သို့မဟုတ် ကန့်သတ်ထားပါ
၂။ ကျောင်း ဝန်း အတွင်း နှင့် စာသင်ခန်းများ အတွင်း ဝင်ရောက်မှုကို ကန့်သတ်ထားသည်
၃။ ကျောင်းများ ဆက်လက်ပြီး ဖွင့်လှစ်ရန်အတွက် ဖြစ်သည်။

**မူလတန်းကျောင်း**

- နေ့စဉ် Assembly မရှိပါ။ ကျောင်းသူ /သားများသည် မိမိအတန်းလိုက် ဆက်သွယ်မှုဖြင့် Assembly ရှိမည်။
- ကျောင်းသူ/သား ကောင်စီဝင် အသစ်များ ၊ သူတို့၏ မိဘများနှင့် တွေ့ဆုံပွဲ ၊ နံနက်ခင်း လက်ဖက်ရည် သောက်ခြင်းကို ရွှေ့ဆိုင်းထားသည်။
- တစ်ကျောင်းလုံး၏ Assemblies မရှိပါ။
- အားလပ်ချိန် နှင့် နေ့လည်စာစားချိန်တွင် ကျောင်းသူ/သား များအတွက် canteen ကို သီးသန့် ခွဲထားသည်။
- Undercover နေရာ နှင့် Oval တွင် ကစားချိန်ကို တာဝန်ချထားသည်။
- မူလတန်းခေါင်းဆောင်များ ၏ Camp ကို ရွှေ့ဆိုင်းထားသည်။
- ရေကူး သင်ခန်းစာ များကို ရွှေ့ဆိုင်းထားသည်။
- ပထမ Term အတွင်း Interschool အားကစားပွဲများကို ဆိုင်းငံ့ ထားသည်။
- ပထမ Term အတွင်း ကျောင်းချိန် အပြီး သံစုံ သီချင်း သင်ခြင်း နှင့် ဂီတပညာ သင်ကြားခြင်းများကို ဆိုင်းငံ့ထားသည်။
- မိဘ- ဆရာ အစည်းဝေး သို့မဟုတ် ဆရာမများနှင့် တွေ့ဆုံခြင်းများကို ပယ်ဖျက်ထားသည်။ သို့သော် အွန်လိုင်း မှ တဆင့် ဆက်သွယ်ပြီး ပြုလုပ်လို့ ရပါသည်။
- လေ့လာရေးခရီး နှင့် Incursions ကို ခွင့်ပြုထားသည်။
- ၆ တန်း ကျောင်းသူ/သားများ ၏ Masquerade ပွဲပြုလုပ်ခြင်း ကို ခွင့်ပြုထားသည်။
- လာကြိုသည့် အချိန်တွင် ကျောင်းသူ/သားများကို သေချာစွာ စုစည်းပေးနေသော တာဝန်ကျ ဝန်ထမ်းများရှိသည်။

**အထက်တန်းကျောင်း**

- အပတ်စဉ်ပြုလုပ်သော စုပေါင်း Assembly မရှိပါ။ ကျောင်းသူ/သားများသည် သူတို့၏ FORM အဖွဲ့တွင် အပတ်စဉ် စုဝေးသည်။
- ‘pop up’ canteen အတွက် အတန်း အုပ်စုလိုက် သီးသန့် ခွဲထားသည်။
- ပထမ Term အတွင်း ကျောင်းချိန် အပြီး သံစုံ သီချင်း သင်ခြင်း နှင့် ဂီတပညာ သင်ကြားခြင်းများကို ဆိုင်းငံ့ထားသည်။
- ပထမ Term အတွင်း Interschool အားကစားပွဲများကို ဆိုင်းငံ့ ထားသည်။
- Camp များကို ရွှေ့ဆိုင်းထားသည်။
- မိဘ- ဆရာ အစည်းဝေး များကို ရွှေ့ဆိုင်းထားသည်။ သို့သော် အွန်လိုင်း မှ တဆင့် ဆက်သွယ်ပြီး ပြုလုပ်လို့ ရပါသည်။

- CADETS program ဆက်လက် လုပ်ဆောင်နိုင်သည်။
- လေ့လာရေးခရီး နှင့် Incursions များကို ဆက်လက် လုပ်ဆောင် နိုင်သည်။

**ဝန်ထမ်းများ**

- နေ့စဉ် နံနက် ၈ နာရီတွင် ဘုရားဝတ်ပြုခြင်း နှင့် အစည်းဝေးများကို အွန်လိုင်းဖြစ်သော TEAMS မှတဆင့် စီမံလုပ်ဆောင်ပါသည်။
- ဝန်ထမ်းများသည် မိမိအနားယူချိန်တွင် မိမိ၏ အတန်းထဲတွင် သို့မဟုတ် မိမိ အတန်း လုပ်ဖော်ကိုင်ဖက်များနှင့်သာ အတတ်နိုင်ဆုံး အနားယူသည်။

**မိဘများ**

- မိဘများသည် မိမိ၏ ကလေးများကို drop-off နှင့် pick-up ဆက်လက်ပြုလုပ်နိုင်ပါသည်။ သို့သော် စာသင်ခန်းထဲသို့ ဝင်ရောက်ခွင့် မပြုပါ။
- မိဘများသည် တတ်နိုင်သမျှ ကျောင်းဝင်း အတွင်းသို့ ဝင်ရောက်ခြင်းကို နည်းပါအောင် ပြုလုပ်သင့်ပါသည်။ သင့်ကလေးသည် အနည်းငယ် စိုးရိမ်နေပါက စာသင်ခန်းများတွင် စောင့်ဆိုင်းနေသော ဝန်ထမ်းများထံသို့ ကျေးဇူးပြုပြီး ပို့ဆောင်ပေးပါ။
- မိဘများသည် ကျောင်းဝင်း အတွင်းမှ အမြန်ဆုံး ထွက်ခွါရန် နှင့် ကျောင်းဝင်းအတွင်း စုဝေးခြင်းများကို ရှောင်ရှားရန် တောင်းဆိုပါသည်။
- မိဘ- ဆရာ အစည်းဝေများ ၊ မူလတန်း ဆရာ၊ မ များနှင့် တွေ့ဆုံခြင်း နှင့် အထက်တန်းကျောင်း၏ ညနေပိုင်း Information အစီစဉ်ကို ဖျက်သိမ်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းထားပါသည်။ ရှေ့ဆက် ပြုလုပ်မည့် အစည်းအဝေးများကို အွန်လိုင်း မှ ပြုလုပ်ပါမည်။
- ကျောင်းသူ/သားများ ၊ ဝန်ထမ်းများ၏ လုပ်ဆောင်မှုများကို လျှော့ချရန် Emmanuel တွင် ပြုလုပ်ခဲ့ပြီးသော ခြေလှမ်းများအတိုင်း ဆက်လက် တည်ရှိနေပါသည်။
- Sign in လုပ်ခြင်း Mask တပ်ခြင်း Social distancing ပြုလုပ်ခြင်းများသည် ဝန်ထမ်းများ နှင့် မိဘများ အချိန်တိုင်းတွင် ဆက်လက် လုပ်ဆောင်ရန်ဖြစ်သည်။ ကျောင်းဝန်း အတွင်းတွင်လည်း Social Distancing ပြုလုပ်ရန်နေရာ အခြေအနေ ခက်ခဲသောကြောင့် Mask ကို အချိန်တိုင်း တပ်ဆင်ထားရန် ဖြစ်သည်။
- အထက်တန်းကျောင်းသူ/သားများသည် Mask တပ်ပြီး ကျောင်းသို့လာသင့်သည်။ ကျွန်ုပ်တို့ ကျောင်းတွင် MASK ကို အကန်အသတ် ဖြင့်သာ ထောက်ပံ့ပေးထားပြီး နေ့စဉ် မရနိုင်တော့ပါ။

**Sign-in, Mask တပ်ခြင်း ,Social distancing များသည် ဆက်လက် လုပ်ဆောင်ရန် လိုအပ်သည်**

- ✓ လုပ်ငန်းခွင်များ နှင့် စာသင်ခန်းများတွင် လေ ဝင် လေ ထွက် ကောင်း စေမည့် လမ်းကြောင်းများကို ဆက်လက် ထိန်းသိမ်းထားသည်။
- ✓ ထိတွေ့မှု အများဆုံးရှိမည့် နေရာများအတွက် သန့်ရှင်ရေးကို နေ့စဉ် တိုးမြှင့်ပြီး တာဝန်ယူ ဆောင်ရွက်လျှက် ရှိပါသည်။ ကျောင်းသူ၊ သားများ၏ တကိုယ်ရည် သန့်ရှင်းရေး အလေ့အကျင့်များဖြစ်သော ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ လက်ဆေးခြင်း လက်သန့်ဆေး ကို အသုံးပြုခြင်း တို့ကို ပုံမှန်ထက် သတိဝီရိယ ဖြင့် ကြီးကြပ်ပေးနေပါသည်။
- ✓ ဝန်ထမ်းများ ၊ ကျောင်းသူ/သားများ ၊ မိဘများ နေမကောင်းဖြစ်ပြီး Covid-19 ကဲ့သို့ ရောဂါ လက္ခဏာများ ဖြစ်ပါက အိမ်တွင်နေရန် ၊ Covid-19 စစ်ဆေးမှုကို ခံယူရန် နှင့် Covid-19 ( Negative) စစ်ဆေးမှု ရလဒ် မရမချင်း အိမ်တွင် နေရန် အသိပေးအပ်ပါသည်။ ရောဂါလက္ခဏာများ နှင့် ပတ်သက်သော အချက်အလက်များ ပိုမိုသိရှိလိုပါက healthywa.wa.gov.au တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။
- ✓ **သင့်အတွက် Maskတပ်ခြင်းသည် ဆေးဘက်ဆိုင်ရာ ကင်းလွတ်ခွင့် ရှိပါက၊ ကျေးဇူးပြုပြီ ထိုအထောက်ထားကို ပြသပေးပါ။ ဤကဲ့သို့ ပြသခြင်းအားဖြင့် မည်သည့် ပြစ်မှုမျိုးကို မဆို ကျွန်ုပ်တို့ ရှောင်ရှားနိုင်ပါသည်။**

ယခုအပတ်အတွက် မိဘများ၏ ကြင်နာသော စကားများ ၊ အာပေးမှုများ ၊ စိတ်ရှည်ခြင်း နှင့် ထောက်ပံ့မှုများကို အထူးပင်တန်ဖိုးထား အသိမှတ် ပြုပါသည်။

ဤအရာသည် ကျွန်ုပ်တို့ Community ၏ ဝန်ထမ်းများ နှင့် ကျောင်းသူ/သားများအတွက် မင်္ဂလာဖြစ်ခဲ့ပြီး အထူးပင် ကျေးဇူးတင်ပါသည်။

ခရစ်ယာန် အမှုတော်မြတ်၌
Carol Davis

**ဤအချက်အလက်များသည် ယခုအချိန်အတွက် ရေးသားဖော်ပြခြင်းဖြစ်ပြီး အစိုးရ၏ Updates အရ ပြောင်းလဲအုံးမည်ဖြစ်သည်။**